# ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)

## ပထမနှစ်ကျောင်းသား၊ကျောင်းသူများအတွက် ၂၀၁၈-၂၀၁၉ပညာသင်နှစ်အတွက် ကျင့်သုံးမည့်

## Credit System လမ်းညွှန်း

## စာမေးပွဲစစ်ဆေးခြင်းနှင့် Grade Point Average(GPA) တွက်ချက်ခြင်း

၁။ ပညာသင်နှစ်တစ်ခုတွင် ပထမနှစ်ဝက်(First Semester)တွင် တစ်ကြိမ် ဒုတိယနှစ်ဝက်(Second Semester) တွင် တစ်ကြိမ်စုစုပေါင်းစာမေးပွဲ(၂)ကြိမ် ဖြေဆိုရမည်ဖြစ်ပါသည်။

၂။ ပထမနှစ်ဝက်(First Semester)စာမေးပွဲကို မတ်လနှင့်ဧပြီလဆန်းတွင်လည်းကောင်း၊ဒုတိယနှစ်ဝက်(Second Semester)စာမေးပွဲကို စက်တင်ဘာလတွင်လည်းကောင်း စစ်ဆေးမည်ဖြစ်ပါသည်။

၃။ ပထမနှစ်ဝက်(First Semester)စာမေးပွဲတွင် ဘာသာရပ်တစ်ခုခြင်းစီအလိုက် သတ်မှတ်ထားသော Grade Point Average(GPA)မပြည့်မီပါက နောက်ဆက်တွဲစာမေးပွဲကို မေလတွင်ကျင်းပပေးပြီး ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ နောက်ဆက်တွဲစာမေးပွဲတွင်ပါသတ်မှတ်ထားသော Grade Point Average(GPA) မပြည့်မီပါကစာမေးပွဲကျရှုံးမည်ဖြစ်ပြီး ဒုတိယနှစ်ဝက်ကို တက်ရောက်ခွင့်ရမည်မဟုတ်ပါ။

၄။ ဒုတိယနှစ်ဝက်(Second Semester)စာမေးပွဲတွင်လည်း ဘာသာရပ်တစ်ခုခြင်းစီအလိုက် သတ်မှတ်ထားသော Grade Point Average(GPA)မပြည့်မီပါက နောက်ဆက်တွဲစာမေးပွဲကို နိုဝင်ဘာလတွင် ကျင်းပပေးပြီး ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ နောက်ဆက်တွဲစာမေးပွဲတွင်ပါ သတ်မှတ်ထားသော Grade Point Average (GPA)မပြည့်မီပါက စာမေးပွဲကျရှုံးမည်ဖြစ်ပါသည်။

၅။ စာမေးပွဲအောင်စာရင်းတွင်သတ်မှတ် Grade Point Average(GPA)ကို Academic Credit Unit နှင့်ရမှတ်ပေါ်မူတည်၍ တွက်ချက်ထားသော Grade Score ပေါ်မူတည်၍ တွက်ချက်ပါသည်။

ဥပမာ(၁) ကျောင်းသား၊ကျောင်းသူA၏ ပထမနှစ်ဝက်အတွက် Grade Point Average(GPA)ကို အောက်ပါအတိုင်း တွက်ချက်သည် -

| No. | subjects | Credit Unit | Total Marks Obtained | Grade | Grade Score | Grade Point |
|---|---|---|---|---|---|---|
| 1 | Myanmar | 2 | 70 | B+ | 4 | 8 |
| 2 | English | 3 | 75 | A- | 4.25 | 12.75 |
| 3 | Physics | 3 | 68 | B | 3.75 | 11.25 |
| 4 | Mathematics | 3 | 86 | A | 4.5 | 13.5 |
| 5 | Principle of IT | 3 | 92 | A+ | 5 | 15 |
| 6 | Supporting Skill | 2 | 55 | C+ | 3.25 | 6.5 |
| Total Credit Unit | | 16 | | Total Grade Point | | 67 |
| | | | | Cumulative GPA for each semester | | 4.19 |
| | | | | Overall GPA | | |

(၁) အထက်ဖော်ပြပါတွက်ချက်မှုမှာကျောင်းသား၊ကျောင်းသူAသည်ကျောင်းခေါ်ချိန် ၁၀၀%နှင့် Tutorial/Practicalများ၁၀၀%အပြည့်ဖြေဆိုဆောင်ရွက်မှသာ Credit Unitအပြည့်ရမည်ဖြစ်ပါသည်။

(၂) ကျောင်းခေါ်ချိန် နှင့်Tutorial/Practicalများပျက်ကွက်ပါကCredit Unitမှာလျော့နည်းသွားမည်ဖြစ်ပါသည်။ Grade Pointလည်းလျော့နည်းသွားမည်ဖြစ်ပါသည်။

(၃) ပထမနှစ်ဝက်စာမေးပွဲတွင်တစ်ဘာသာခြင်းစီအလိုက် Grade Score(<3)ဖြစ်ပါကထိုဘာသာအား ၂၀၁၉ခုနှစ်မေလတွင်Re-Examပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။

(၄) Re-Examတွင် Grade Score(<3)ထပ်ဖြစ်ပါကပထမနှစ်ကျရှုံးဟုသတ်မှတ်ပါသည်။

ဥပမာ(၂) ကျောင်းသား၊ကျောင်းသူA၏ဒုတိယနှစ်ဝက်အတွက် Grade Point Average(GPA)ကို အောက်ပါအတိုင်းတွက်ချက်သည် -

| No. | subjects | Credit Unit | Total Marks Obtained | Grade | Grade Score | Grade Point |
|---|---|---|---|---|---|---|
| 1 | Myanmar | 2 | 68 | B | 3.75 | 7.5 |
| 2 | English | 3 | 70 | B+ | 4 | 12 |
| 3 | Physics | 3 | 55 | C+ | 3.25 | 9.75 |
| 4 | Mathematics | 3 | 84 | B+ | 4 | 12 |
| 5 | Programming Logic & Design | 3 | 89 | A | 4.5 | 13.5 |
| 6 | Supporting Skill | 2 | 65 | B | 3.75 | 7.5 |
| Total Credit Unit | | 16 | | Total Grade Point | | 62.25 |
| | | | | Cumulative GPA for each semester | | 3.89 |
| | | | | Overall GPA | | 4.04 |

(၁) ဒုတိယနှစ်ဝက်တွင်လည်းတစ်ဘာသာခြင်းစီအလိုက် Grade Score(<3)ဖြစ်ပါကထိုဘာသာအား ၂၀၁၉ခုနှစ်နိုဝင်ဘာလတွင်Re-Examပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။

(၂) Re-Examတွင် Grade Score(<3)ထပ်ဖြစ်ပါကပထမနှစ်ကျရှုံးဟုသတ်မှတ်ပါသည်။

(၃) Overall GPAကိုတွက်ချက်ရာတွင်ပထမနှစ်ဝက်တွင်ရရှိသော Cumulative GPAနှင့်ဒုတိယနှစ်ဝက်တွင် ရရှိသော Cumulative GPA(၂)ခုအပေါ်တွင်ပျမ်းမျှတွက်ချက်၍ရရှိပါသည်။

(၄) Overall GPA(<3)ထပ်ဖြစ်ပါကစာမေးပွဲကျရှုံးသည်ဟုသတ်မှတ်သည်။

(၅) စာမေးပွဲအောင်စာရင်းကိုအမှတ်ဖြင့်ထုတ်ပြန်ပေးမည်မဟုတ်ပဲ Grade Point Average(GPA) ဖြင့်သာထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

## Tutorial နှင့် Practicalများဖြေဆိုခြင်းနှင့် Credit Unit နှင့်ရမှတ်

(၁) ကျောင်းသား၊ကျောင်းသူများသည်ဘာသာရပ်အလိုက်စစ်ဆေးသော Tutorial နှင့် Practicalများ အားပျက်ကွက်ခွင့်မရှိပါ။

(၂) Tutorial နှင့် Practicalပျက်ကွက်ပါကအစားထိုးဆောင်ရွက်ပေးမည်မဟုတ်ပါ။

(၃) Tutorial နှင့် Practicalပျက်ကွက်ပါကရမှတ်တွင်လည်းအမှတ်လျော့နည်း၍ Result Mark နှင့် Grade Scoreတွင်အမှတ်လျော့နည်းသွားမည်ဖြစ်ပြီးကျောင်းခေါ်ချိန်လည်းလျော့နည်းသွား၍မိမိရရှိမည့် Credit Unit လည်းလျော့သွားမည်ဖြစ်ပါသည်။သို့ဖြစ်၍Tutorial နှင့် Practicalပျက်ကွက်ပါက Grade Pointတွက်ချက်ရာတွင်အမှတ်လျော့သွားမည်ဖြစ်ပါသည်။

(၄) Tutorial နှင့် Practicalတစ်ကြိမ်ပြုလုပ်ပြီးတိုင်းကျောင်းသား၊ကျောင်းသူအနေဖြင့် Credit Unit(0.1) ရရှိမည်ဖြစ်ပါသည်။အများဆုံး Credit Unitမှာ(1)ဖြစ်ပါသည်။

## ကျောင်းခေါ်ချိန်နှင့်Credit Unit

(၁) ၂၀၁၈-၂၀၁၉ပညာသင်နှစ်မှစတင်၍ကျောင်းခေါ်ချိန်တွက်ချက်မှုသည်ကျောင်းသား၊ကျောင်းသူ၏ Credit Unitရရှိမှုနှင့်တိုက်ရိုက်ပတ်သက်မှုရှိပါသဖြင့်ကျောင်းခေါ်ချိန်၁၀၀%ပြည့်မှသာသတ်မှတ်Credit Unitကို အပြည့်အဝရရှိမည်ဖြစ်ပါသည်။

(၂) ဘာသာရပ်တစ်ခုအတွက်စာသင်ချိန်(၁)ချိန်တက်ရောက်ပါကCredit Unitရရှိမှုမှာ (0.05) ဖြစ်ပြီး Semesterတစ်ခုလုံးအတွက်ဘာသာရပ်တစ်ခုလျှင်အများဆုံးရရှိနိုင်မည့်Credit Unitမှာ 2 ရရှိမည် ဖြစ်ပါသည်။

၆။ Grade Scoreကိုစာမေးပွဲရမှတ်ပေါ်မူတည်၍အောက်ပါအတိုင်းတွက်ချက်ပါသည်။

| Marks | Letter Grade | Grade Score |
|---|---|---|
| ≥90 | A+ | 5 |
| 80-89 | A | 4.5 |
| 75-79 | A- | 4.25 |
| 70-74 | B+ | 4 |
| 65-69 | B | 3.75 |
| 60-64 | B- | 3.5 |
| 55-59 | C+ | 3.25 |

| | | |
|---|---|---|
| 50-54 | C | 3 |
| 45-49 | C- | 2.5 |
| 40-44 | D | 2 |
| <40 | E | 1 |

၇။ Grade Point Average(GPA)တွက်ချက်ခြင်း

ကျောင်းသား၊ကျောင်းသူ၏စာမေးပွဲအောင်စာရင်း(Result)ကို Grade Point Average(GPA)ဖြင့် ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။ Grade Point Average(GPA)ကိုတွက်ချက်ရန်အတွက်

(၁) Credit Unit -ဘာသာရပ်တစ်ခုခြင်းစီအတွက်ရရှိမည့် Credit Unitစုစုပေါင်း

(၂) Result Mark -ဘာသာရပ်တစ်ခုခြင်းစီအတွက်ရမှတ်မှာစာမေးပွဲရမှတ်+ Tutorial ရမှတ်+ Project ရမှတ် + Assignment ရမှတ် + Presentation ရမှတ်များ အားလုံးပေါင်းရမှတ်ဖြစ်ပါသည်။

(၃) Grade Score - Result Markအပေါ်အခြေပြု၍တွက်ချက်ပါသည်။

(၄) Grade Point - Credit Unit နှင့် Grade Score(၂)ခုကိုမြှောက်၍တွက်ချက်ပါသည်။

(၅) Grade Point Average(GPA)တွက်ချက်ရန်